စီရင်ချက်ပုံစံ

စမ်းချောင်းမြို့နယ်တရားသူကြီးရုံးတော်၌

၂၀၁၉ ခုနှစ် ၊ ဩဂုတ် လ ၊ ၂၉ ရက်နေ့။

၂၀၁၉ ခုနှစ် ၊ တရားမကြီး မှု အမှတ် ၁၃။

မြန်မာ့စီးပွားရေးအရင်းအမြစ်ကုမ္ပဏီလီမိတက် နှင့် ဒေါ်သဲဖြူခိုင်

( တရားလို ) ( တရားပြိုင် )

တရားလိုအတွက် - ဒေါ်သင်းသင်းမော်၊ တရားလွှတ်တော်ရှေ့နေ

တရားပြိုင်အတွက် - ကိုယ်တိုင်

(ခွင်စာရေး)

ချေးငွေ ၅၉၅၀၀၀ဝိ/- နှင့် အတိုးငွေ ကျပ် ၃၅၃၇၅၀ဝိ/- စုစုပေါင်းငွေကျပ် ၉၄၈၇၅၀ဝိ/- ရလိုမှု

စီရင်ချက်

အမှုမှာ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်-အင်းစိန်လမ်း၊ (၂)ရပ်ကွက်နေ မြန်မာ့စီးပွားရေးအရင်းအမြစ်ကုမ္ပဏီလီမိတက်က တရားပြိုင် ဒေါ်သဲဖြူခိုင် အပေါ် ငွေချေးလုပ်ငန်း၏သက်သာသောအတိုးနှုန်းတစ်ခုဖြင့် ချေးယူသွားသည့် ချေးငွေ ၅၉၅၀၀၀ဝိ/- နှင့် အတိုးငွေ ကျပ် ၃၅၃၇၅၀ဝိ/- စုစုပေါင်းငွေကျပ် ၉၄၈၇၅၀ဝိ/- ရလိုမှု စွဲဆိုရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

တရားလို၏အဆိုလွှာတွင် တရားလိုကုမ္ပဏီသည် ငွေချေးလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပြီး တရားပြိုင်အပါအဝင် ၎င်း၏လက်အောက်တွင် အလုပ်လုပ်ကိုင်နေသော အခြားဆရာ၊ ဆရာမများနှင့် ၎င်းကိုယ်တိုင်လိုအပ်သည့်ငွေကြေးအပ်အတွက် ငွေချေးယူလိုကြောင်းလျှောက်ထားခဲ့ရာ တရားလိုကုမ္ပဏီမှ စိစစ်ပြီး ၂၈-၂-၂၀၁၇ ရက်နေ့တွင် ငွေကျပ် ၄၈၀၀၀၀ဝိ/- အား ကုမ္ပဏီတည်ရှိရာ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ ပန်းခြံတာဝန်၊ တိုက်(၈)၊ အခန်း(၄၀၅)တွင် ဝန်ခံကတိစာချုပ်ဖြင့် ထုတ်ချေးပေးခဲ့ကြောင်း၊ ထို့နောက် တရားပြိုင်မှ ကျွဲသလင်းကုန်းကျောင်းအတွက် ငွေကျပ် ၄၈၀၀၀၀ဝိ/- ချေးငွေချေးယူခဲ့သည့်အပြင် ၎င်း၏လက်အောက်တွင်ရှိသော သဲကုန်းကျောင်းအမည်ဖြင့် ငွေကျပ် ၃၀၀၀၀၀ဝိ/- အား ၃၁-၃-၂၀၁၇ ရက်နေ့တွင် ချေးငွေထုတ်ပေးပါရန်တင်ပြလာ၍ အဆိုပါငွေသိန်း ၃၀ ကျပ်အား ကုမ္ပဏီရုံးခန်းတွင်ပင် ချေးခဲ့ရာ စုစုပေါင်းငွေကျပ် ၇၈၀၀၀၀ဝိ/- ကျပ်

အား ဝန်ခံကတိအသီးသီးဖြင့် ဝန်ခံရယူခဲ့ကြောင်း၊ တရားပြိုင်မှ ကျွဲသလင်းကုန်းကျောင်းအတွက် ငွေကျပ်စုစုပေါင်း အရင်းဆပ်ငွေ ၁၀၅၀၀၀၀ိ/- ပေးဆပ်ခဲ့ပြီး အရင်းနှင့် အတိုးပေါင်းကျန်ငွေ ၆၀၅၀၀၀၀ိ/- နှင့် သဲကုန်းကျောင်းအတွက် စုစုပေါင်းအရင်းဆပ်ငွေ ၈၀၀၀၀၀ိ/- အား ပေးဆပ်ခဲ့ပြီး ပေးဆပ်ရန်အရင်းနှင့်အတိုးငွေစုစုပေါင်း ၃၄၃၇၅၀ိ/- တို့ဖြစ်ရာ တရားပြိုင်သည် ကျောင်း ၂ ကျောင်းအတွက် ပေးဆပ်ရမည့်ငွေမှာ ငွေကျပ် ၉၄၈၇၅၀ိ/- ဖြစ်ကြောင်း၊ တရားပြိုင်မှ လစဉ်ပေးသွင်းရမည့်ငွေများအား ပေးသွင်းခြင်းမရှိ ပျက်ကွက်ခဲ့၍ တွေ့ဆုံမေးမြန်းရာ အဆိုပါကျောင်းများနှင့်ပတ်သက်မှုမရှိဘဲ တရားပြိုင်မှ ကိုယ်ကျိုးအတွက် သုံးစွဲခဲ့သည့်အတွက် ၎င်းတွင်သာတာဝန်ရှိကြောင်း ၃၁-၈-၂၀၁၈ ရက်နေ့တွင် ဝန်ခံကတိလက်မှတ်ရေးထိုးခဲ့ကြောင်း၊ ထိုကတိအရ ၃၁-၃-၂၀၁၉ ရက်နေ့တွင် နောက်ဆုံးထား၍ အကြေအလည်ပေးဆပ်ပါမည်ဟုဝန်ခံခဲ့ကြောင်း၊ ထို့နောက် မည်သို့မျှ ပေးဆပ်ခြင်းမရှိဘဲပျက်ကွက်ခဲ့၍ ၂၈-၉-၂၀၁၉ ရက်နေ့တွင် ထပ်မံအကြောင်းကြား၍ ဝန်ခံကတိပြုလက်မှတ်ထိုးခဲ့ကြောင်း၊ ထိုသို့ ဝန်ခံကတိများလက်မှတ်ရေးထိုးခဲ့သော်လည်း တရားလိုကုမ္ပဏီသို့ပေးသွင်းရမည့်ငွေများအား လစဉ်ပုံမှန်ပေးသွင်းခြင်းမရှိဘဲ ပျက်ကွက်ခဲ့၍ ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် မြို့နယ်ပညာရေးမှူးရုံး၌ ဆွေးနွေးရန်ဖိတ်ကြားခဲ့သော်လည်း လာရောက်တွေ့ဆုံခြင်းမရှိ ပျက်ကွက်ခဲ့၍ တရားလိုမြန်မာ့စီးပွားရေးအရင်းအမြစ်ကုမ္ပဏီလီမိတက်အနေဖြင့် တရားပြိုင်ထံမှ စုစုပေါင်း ငွေကျပ် ၉၄၈၇၅၀ိ/- ရထိုက်ခွင့်ရှိကြောင်း စသည်ဖြင့် ဖော်ပြအဆိုပြုထားသည်။

တရားပြိုင်မှ တရားလို၏အဆိုလွှာပါ အချက်များအပေါ် တစ်စုံတစ်ရာငြင်းဆိုလိုခြင်း မရှိပါကြောင်း ဝန်ခံချေလွှာတင်သွင်းသည်။

ထို့နောက် တရားမကျင့်ထုံးအမိန့် ၂၃၊ နည်းဥပဒေ ၃ အရ အမှုအား ပြေငြိမ်းဒီကရီချမှတ်ပေးပါရန် တရားလိုနှင့် တရားပြိုင်တို့မှ သဘောတူလက်မှတ်ရေးထိုး၍ လျှောက်ထားလွှာတင်သွင်းသည်။

အမှုမှ တရားပြိုင်သည် တရားလိုအပေါ် ငွေကျပ် ၉၄၈၇၅၀ိ/- တိတိအား ဝန်ခံချေလွှာတင်သွင်းခဲ့သည့်အပေါ် တရားလိုဘက်မှ တရားလိုစွဲဆိုထားသောအမှုအား ပြေငြိမ်းပြီးပြတ်ရတ်သိမ်းရန် သဘောတူညီကြောင်းနှင့် တရားလိုစွဲဆိုတောင်းခံထားသည့် ငွေကျပ် ၉၄၈၇၅၀ိ/- တိတိအပေါ်ပြေငြိမ်းဒီကရီရလိုကြောင်း တရားလိုနှင့် တရားပြိုင်တို့မှ သဘောတူလက်မှတ်ရေးထိုးလျှောက်ထားခဲ့ခြင်းဖြစ်သည်။ အမှုသည်အချင်းချင်း လက်ခံသဘောတူသည့်ကျေနပ်ပြေငြိမ်းမှုဖြစ်၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၃၊ နည်းဥပဒေ ၃ အရ အမှုအား မခုခံသောစရိတ်နှင့်တကွ ပြေငြိမ်းဒီကရီချမှတ်ပေးလိုက်သည်။

( စုမြတ်မွန်ငြိမ်း )
တွဲဖက်မြို့နယ်တရားသူကြီး
စမ်းချောင်းမြို့နယ်တရားရုံး